ဖောင်ချမ်းတောင်ကျေးရွာ

ဖောင်ချမ်းတောင်ကျေးရွာအုပ်စု၊ ဆင်ပေါင်ဝဲမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဖောင်ချမ်းတောင်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

အောက်တိုဘာလ၊ ၂၀၁၈

## မာတိကာ


မာတိကာ

၁။ စကားချီး

၂။ သယံဇာတပြမြေပုံ

၃။ တည်နေရာနှင့် ပထဝီအနေအထား

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၆။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ဘဏ္ဍာရေးနှစ် အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဖောင်ချမ်းတောင်ကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည်သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို

အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။


ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာ လ ၊ ၂၀၁၈ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဇောင်ချမ်းတောင်ကျေးရွာ

ဆင်ပေါင်ဝဲမြို့နယ်


ဆင်ပေါင်ဝဲမြို့နယ်၊ ဇောင်ချမ်းတောင်အုပ်စု၊ ဇောင်ချမ်းတောင်ရွာ သယံဇာတပြမြေပုံ
2.6.2018
မြောက်
စေတီ
ဘုန်းကြီးကျောင်း
ဆေးပေးခန်း
စာသင်ကျောင်း
သုသာန်
ထန်းတော
လယ်
ယာ / ကိုင်း
တံတား
အိမ်
နတ်စင်
ရေးဆွဲသူ- ဒေါ်ဝင်းဝင်းနွယ်

## ၂။ တည်နေရာနှင့် ပထဝီအနေအထား

ဖောင်ချမ်းတောင်ကျေးရွာသည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပါသည်။ မြတ်စွာဘုရား စကြိန်တောင်မှ ဖောင်ချမ်းတောင်ဟု အမည်တွင်ခဲ့ပြီး ဖောင်ချမ်းတောင်နားတွင် ရွာတည်သောအခါ ဖောင်ချမ်းတောင်ကျေးရွာဟုခေါ်တွင်ခဲ့ခြင်းဖြစ်ပါသည်။ဖောင်ချမ်းတောင်ကျေးရွာသည်ဖောင်ချမ်းတောင်အုပ်စုတွင် ပါဝင်ပြီး ဖောင်ချမ်းတောင်ကျေးရွာ ၊ အင်းလပ်ကျေးရွာ ၊ စွယ်ကျိုးကျေးရွာ ၊ ချောင်းသာကျေးရွာ ၊ ကျေးရွာ(၄) ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ရွာ၏အရှေ့ဘက်တွင် ဧရာဝတီမြစ်ရှိပြီး ဆင်ပေါင်ဝဲမြို့နှင့် (၃) မိုင် ကွာဝေးပါသည်။ ရွာ၏ အနောက်ဘက်တွင် မီးရထားလမ်းရှိပြီး ချောင်းသာကျေးရွာနှင့် (၄) မိုင် ကွာဝေးပါသည်။ ရွာ၏ တောင်ဘက်တွင် တညောင်ချောင်းရှိပြီး ချောင်းအနီးတွင် အင်းမကျေးရွာ ရှိပါသည်။ ရွာ၏ မြောက်ဘက် (၁.၅) မိုင်ခန့်အကွာတွင် အင်းလပ်ကျေးရွာ ရှိပါသည်။

မိုးများသောနှစ်များတွင် တညောင်ချောင်းမှရေလျှံပါသည်။ကျေးရွာသည် ရေကြောင်းခရီးဖြင့် လေထန်၍လှိုင်းကြီးသည့်အချိန်မှအပစက်လှေငယ်မော်တော်ရေယာဉ်များဖြင့် မြို့ရွာများသို့ သွားလာနိုင်ပါသည်။ဖောင်ချမ်းတောင်ကျေးရွာသည် တောင်တန်းများဝန်းရံလျှက်ရှိသောကြောင့် လယ်မြေ၊ ယာမြေများနည်းပါးပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ နှမ်း၊ပဲအမျိုးမျိုးနှင့် ဝါများစိုက်ပျိုးကြပါသည်။ မိုးကောင်းသည့်နှစ်များတွင် စပါးသီးနှံများအသင့်အတင့်ရရှိပါသည်။

## ၃။ ရာသီဉတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိသောကြောင့် ရေယာဉ်လုပ်သားများ၊ ဝန်ထမ်းများ၊တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ အသီးသီးလုပ်ကိုင်စားသောက်ကြပါသည်။ ကျေးရွာသည် မြစ်ကမ်းနံဘေးတွင်တည်ရှိသဖြင့် ငါးမျိုးစိတ်များပေါက်ဖွားနိုင်ပြီး ရေချိုငါးများရရှိနိုင်ပါသည်။ သဘာဝပေါက်ပင်များမှာ သန်း၊ဒဟတ်၊ရှား၊ဝါး စသည့်အပင်များ ပေါက်ရောက်ပြီး ထိန်းသိမ်း မှုအားနည်းခြင်းနှင့် ထုတ်ယူသုံးစွဲမှု များသောကြောင့် သစ်တောများလျော့နည်းလာပါသည်။ ရွာ၏ မြစ်ဆိပ်ကမ်းသည် သဲသောင်ပြင်ဖြစ်သောကြောင့် လူနေမှုအဆောက်အအုံများ ဆောက်လုပ်ရာတွင် သဲများ အလွယ်တကူရရှိပါသည်။

## ၄။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေးကဏ္ဍတွင် ရပ်မိရပ်ဖအဖွဲ့၊ ဝတ်အသင်းအဖွဲ့၊ဓမ္မစကြာအဖွဲ့များဖွဲ့စည်းထားပြီးလူမှုရေးကဏ္ဍတွင်ရေပေးရေးကော်မတီ၊ မီးသတ်အဖွဲ့၊မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်၊ရွှေချမ်းလူငယ်ပရဟိတအဖွဲ့၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးဦးဆောင်သောအဖွဲ့ စသည်တို့ ဖွဲ့စည်းထားပါသည်။ ၎င်းအဖွဲ့များမှ ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အားတက်သရော ပူးပေါင်းဆောင်ရွက်လေ့ ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ဦးဆောင်ပြုလုပ်ခြင်း၊ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကလုပ်ကိုင်ကြပြီးမြေယာပိုင်ဆိုင်မှုရှိသော်လည်းရာသီဥတုဖောက်ပြန်ခြင်း၊ ပိုးမွှားကျရောက်ပျက်ဆီးခြင်း၊လုပ်သားရှားပါးခြင်းနှင့်ဈေးနှုန်းကြီးမားခြင်း၊သွင်းအားစုများထည့်သွင်းအသုံးပြုမှုစရိတ်မြင့်မားခြင်းနှင့်ဈေးကွက်မတည်ငြိမ်ခြင်းအစရှိသောအခက်အခဲများကြောင့်စိုက်ပျိုးရေးလုပ်ကိုင်သော တောင်သူများမှာ ကြွေးမြီများတင်ရှိကာ စီးပွားရေးအကြပ်အတည်း နှင့် ရင်ဆိုင်နေရသည်။

### (ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများအနေဖြင့် အနီးဆုံးဈေးကို ဆင်ပေါင်ဝဲဈေးသို့ လည်းကောင်း ၊ အကြီးစားဈေးကွက်ကို အောင်လံဈေးသို့ လည်းကောင်း ရေကြောင်းလမ်းမှသွားရောက်ကြပါသည်။ ရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းတို့သည် မြေသားလမ်းများဖြစ်၍ ပွင့်လင်းရာသီ၌သာ သွားလာ၍ ကောင်းပါသည်။မိုးရာသီတွင် မြေစေး၊မြေသားလမ်းများဖြစ်၍ သွားလာရန်ခက်ခဲပါသည်။

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား ဆောင်ရွက်သည့်အတွက် နွားလှည်းကို အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးတွင် ကား ၊ ဆိုင်ကယ်တို့ဖြင့် အဓိက အသုံးပြုကြပါသည်။ ကျေးရွာသည် ဆိုလာစနစ်ကို အများဆုံးအသုံးပြုကြပြီး ဒီဇယ်သုံးအင်ဂျင်နှင့် ဖယောင်းတိုင်မီး အသုံးပြုသူ အိမ်ထောင်စုအနည်းငယ်ရှိသည်။

သတင်းအချက်အလက်များကို ရေဒီယို ၊ တီဗွီ ၊ စလောင်းများမှ အဓိက ရယူသုံးစွဲကြပြီး ဖုန်းအသုံးပြုသူများသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်လှမ်းမီသည့် ကျေးရွာဖြစ်ပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် မြစ်ရေကိုသာ အဓိကထား၍ သောက်ရေနှင့်သုံးရေကို အသုံးပြုကြသည်။ ဧရာဝတီမြစ်ကမ်း နံဘေးတွင်တည်ရှိသောကြောင့် နွေ၊မိုး၊ဆောင်း ရေလုံလောက်မှုရှိပါသည်။

**ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူသူ(၇၈)ဦးရှိပြီး ယာတစ်ဧကလျှင် (၅၀၀၀၀)ကျပ်နှင့် လယ်တစ်ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းကို ပုံစံ(၇)အပေါင်ထား၍ ချေးယူရပါသည်။ဧကများစွာပိုင်ဆိုင်မှုရှိသော်လည်း အများဆုံး(၁၀)သိန်းအထိသာ ချေးပါသည်။ချေးငွေမလုံလောက်သော တောင်သူများ အနေဖြင့်ပြင်ပမှ အတိုးကြီးပေး၍ ချေးယူရပါသည်။

သမဝါယမဘဏ်မှ ချေးယူသူ(၇၈)ဦးခန့်ချေးယူသုံးစွဲလျက်ရှိပါသည်။ စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများအတွက်အသုံးပြုကြပါသည်။

ကျေးရွာတွင် Pact Myanmar အဖွဲ့မှ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အရောင်းအဝယ်ပြုလုပ်ရန် အတွက် ချေးယူသူပေါင်း(၁၅၀)ဦးခန့်ရှိရာ စိုက်ပျိုးစရိတ်ချေးငွေများကို (၁၄)ရက်(၁)ကြိမ်အတိုးနှုန်းများ ကို ပုံမှန်ပေးသွင်းပြီး (၅)လ အကြာတွင် အကြေအလည် ပေးဆပ်ရပါသည်။မွေးမြူရေးနှင့် ရောင်းဝယ်ရေး အတွက်ချေးယူငွေများကို ချေးယူငွေ အတိုး၊အရင်းပေါင်း၏၄% ကို (၁၄)ရက်တစ်ကြိမ်ပေးသွင်းရ ပါသည်။(၂၅)ကြိမ်ပြည့်လျှင် အကြေအလည်ပေးဆပ်ပြီး ဖြစ်ပါသည်။

**(င) ပညာရေး**

ကျေးရွာတွင်အထက်တန်းကျောင်း(ခွဲ)ရှိပြီးမူလတန်းကျောင်းသားဦးရေ(၁၃၈)ဦး၊အလယ်တန်းကျောင်းသားဦးရေ(၇၉)ဦးနှင့် အထက်တန်း ကျောင်းသားဦးရေ (၇၄)ဦး ရှိပါသည်။ကျေးရွာတွင် အထက်တန်းကျောင်း(ခွဲ)သာရှိသဖြင့်တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ဆင်ပေါင်ဝဲမြို့(အ.ထ.က)သို့ သွားရောက် ဖြေဆိုရပါသည်။ ဧရာဝတီမြစ်ကို ဖြတ်ကူးရသဖြင့်အခက်အခဲရှိပါသည်။

တက္ကသိုလ်ကျောင်းသားများသည်မကွေး မြို့သို့သွားရောက်တက်ရောက်ရပါသည်။ ကျောင်းသားများအတွက် ကျောင်းဆောင်နှင့်သင်ထောက်ကူပစ္စည်းများလုံလောက်မှု မရှိပါ။အာဟာရတိုက်ကျွေးမှုရှိသော်လည်း တစ်နှစ်လျှင် (၂)ကြိမ် (၃)ကြိမ်ခန့်သာ တိုက်ကျွေးသည်ကို တွေ့ရပါသည်။

**(စ) ကျန်းမာရေး**

ဖောင်ချမ်းတောင်ကျေးရွာရှိကျေးရွာလူထုအနေဖြင့် ရာသီအလိုက် ဖျားနာခြင်း၊ အအေးမိခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါများသာ ဖြစ်လေ့ဖြစ်ထ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသဖြင့်ကျေးရွာတွင်ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်သည်။ အခန်း၊ကုတင် လုံလောက်မှုမရှိပါ။ ကျန်းမာရေးအတွက် အခက်အခဲ ရှိပါကဆင်ပေါင်ဝဲမြို့နယ် ဆေးရုံသို့ သွားရောက်ကုသနိုင်ပါသည်။

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းကို နှစ်စဉ် တွေ့ကြုံခံစားကြရပါသည်။ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းတို့ကြောင့် တောင်သူများ၏ စိုက်ခင်းများ ပျက်စီးဆုံးရှုံးခြင်း၊ မိသားစုများရေဘေးဒုက္ခရောက်ခြင်းတို့ကို ခံစားရပါသည်။ လူ ၊ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးသီးနှံများတွင် ရောဂါပိုးမွှား ကျရောက်မှုရှိပြီး ကြီးမားစွာ ဖြစ်ပေါ်ခြင်း မရှိပါ။ မြေဆီလွှာထိန်းသိမ်းမှုအားနည်းခြင်း၊သဘာဝမြေသြဇာ များကို လုံလောက်စွာမထည့်သွင်းနိုင်ခြင်းကြောင့် မြေဆီလွှာခမ်းခြောက်မှု နှင့် တွေ့ကြုံနေရပါသည်။ရေဝတီမြစ်အတွင်း ငါးများကို လက်နက်မျိုးစုံ၊နည်းမျိုးစုံဖြင့် ဖမ်းယူနေသည့်အတွက်ငါးမျိုးစိတ်များရှားပါးလာပါသည်။သစ်တောများခုတ်ထွင်ရှင်းလင်းခြင်း၊ တောမီးလောင်ခြင်း တို့ကြောင့် သစ်တောပြုန်းတီးလာပြီး ထင်းနှင့်မီးသွေးလောင်စာများရှားပါးလာပါသည်။ကျေးရွာ အနီးပတ်ဝန်းကျင်တွင် သန်း၊ဒဟတ်၊ ရှား၊ဝါး စသည့်အပင်များရှိပါသည်။

**(ဇ) ကျား – မ ရေးရာ**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် ကော်မတီ ကိုယ်စားလှယ်အဖြစ် အမျိုးသားများသာ ပါဝင်မှု ရှိကြောင်း တွေ့ရှိရပါသည်။ မိသားစုအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ မှာ ၅၀% ပါဝင်မှုရှိသဖြင့် မျှတမှုရှိကြောင်း တွေ့ရပါသည်။ သို့သော် လုပ်အားခ သတ်မှတ်ရာတွင် ကျား/မ အလိုက် ခွဲခြားသတ်မှတ်ထားကြောင်း တွေ့ရှိရပါသည်။

၅။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာတွင်းလမ်းပြုပြင်ခြင်း | ၁ |
| ၂ | လမ်းတံတား၊ လျှပ်စစ် | ကျေးရွာလျှပ်စစ်မီးရရှိရေး | ၂ |
| ၃ | လူငယ်ဖွံ့ဖြိုးရေး | အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်လှစ်ခြင်း | ၃ |
| ၄ | စိုက်ပျိုးရေး၊မွေးမြူရေး | စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာပေး ဟောပြောပွဲများပြုလုပ်ရန် | ၄ |
| ၅ | ငွေကြေး | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး | ၅ |
| ၆ | ကျန်းမာရေး | ကျန်းမာရေးဌာနအတွက်အဆောက်အဦ ဆောက်လုပ်ခြင်း | ၆ |

နောက်ဆက်တွဲ (၁)

ဓာင်ချမ်းတောင် ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်း | အဆိုပြုစီမံချက် |
|---|---|---|---|---|---|
| စီးပွားဖြစ်မွေးမြူရေး လုပ်ငန်း မလုပ်ကိုင်နိုင်ခြင်း | (၁)မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် ရင်းနှီးငွေမတတ်နိုင်ခြင်း<br>(၂) မျိုးကောင်း၊ မျိုးသန့်များလက်လှမ်းမမီခြင်း<br>(၃)တိရိစ္ဆာန်ထွက်ကုန်များရောင်းချရာတွင်ဈေးနှိမ်ခြင်း | (၁) မွေးမြူရေးအတွက် မြေနေရာနှင့်စားကျက်မြေရှိခြင်း<br>(၂) ဈေးကွက်ရှိခြင်း | (၁)နည်းပညာနှင့်ငွေကြေး လိုအပ်ခြင်း | (၁) နည်းပညာနှင့် ဝန်ဆောင်မှုများ လက်လှမ်းမီရေးဆောင်ရွက်ခြင်း<br>(၂)မျိုးကောင်းမျိုးသန့်ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မွေးမြူရေးဆိုင်ရာနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း |
| ကျေးရွာတွင်းလမ်းများ မကောင်းခြင်း | (၁)မိုးရာသီ၊မြစ်ရေကြီးချိန်တွင် ရွှံ့ဗွက်များဖြင့် လမ်းများပျက်စီး နေခြင်း | (၁) သဲ၊ ကျောက်စရစ်များ အလွယ်တကူရရှိနိုင်ခြင်း<br>(၂) ကျေးရွာမှ လုပ်အားပါဝင်နိုင်ခြင်း | (၁) ရန်ပုံငွေမရှိခြင်း<br>(၂) ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှုအားနည်းခြင်း | (၁)ကျေးရွာတွင်းလမ်းများ ပြုပြင်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်၊ | ရွာတွင်းလမ်းများ ပြုပြင်ခြင်း |
| လျှပ်စစ်မီးမရရှိခြင်း | (၁)မီးလင်းရေးအတွက်ငွေကြေးရန်ပုံငွေမရှိခြင်း | (၁) စိတ်အားထက်သန်သောရွာသူ/သားများရှိခြင်း<br>(၂) မြေနေရာရှိခြင်း | (၁) ငွေကြေးလုံလောက်မှုမရှိခြင်း<br>(၂) အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိခြင်း | (၁) မီးလင်းရေးကော်မတီဖွဲ့စည်း၍ ရန်ပုံငွေကောက်ခံခြင်း | လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| စိုက်ပျိုးရေးနည်းပညာအသုံးပြုနိုင်မှု အားနည်းခြင်း | (၁) စိုက်ပျိုးရေးနည်းပညာ ကျွမ်းကျင်မှုမရှိခြင်း<br>(၂) စက်ကိရိယာများမသုံးစွဲနိုင်ခြင်း | (၁) မြေယာကောင်းရှိခြင်း၊<br>(၂) နွားရှိခြင်း၊<br>(၃) မျိုးစေ့ရှိခြင်း | (၁) စက်ကိရိယာများ မသုံးစွဲနိုင်ခြင်း<br>(၂) ဓါတုဆေးဝါးသုံးစွဲမှု မကျွမ်းကျင်ခြင်း | (၁) စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း<br>(၂) စက်ကိရိယာများ ထောက်ပံ့ပေးနိုင်သည့် ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများဖွင့်လှစ်ခြင်း |
| အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း | (၁) ဒေသတွင်း စက်ရုံအလုပ်ရုံများ မရှိခြင်း<br>(၂)အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့်သင်တန်း များ ဖွင့်လှစ်ပေးမှုမရှိခြင်း | (၁) ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်၍ စိတ်ပါဝင်စားသူများရှိခြင်း | (၁)လုပ်ငန်းခွင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု မရှိခြင်း<br>(၂) ကျေးရွာတွင် အမြဲတမ်းဝင်ငွေရ လုပ်ငန်းမရှိခြင်း | (၁) သက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးနိုင်သည့် ဌာနများနှင့် ချိတ်ဆက်ခြင်း | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း |
| အရင်းအနှီးမလုံလောက်ခြင်း | (၁) အရင်းအနှီးလုံလောက်စွာ ထုတ်ချေးပေးနိုင်သည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု အားနည်းခြင်း | (၁) သမ ၊ စိုက်ပျိုးရေးဘဏ်တို့မှ ငွေချေးပေးခြင်း<br>(၂)ပြင်ပငွေချေးအဖွဲ့များရှိခြင်း | (၁) အတိုးများခြင်း | (၁)အတိုးနှုန်းသက်သာစွာဖြင့် ငွေချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ရင်နှီးမြုပ်နှံမှုငွေကြေးလုံလောက်စွာရရှိ နိုင်ရေးဆောင်ရွက်ခြင်း |

| | | | | | |
|---|---|---|---|---|---|
| ကျန်းမာရေး အဆောက်အဦး မရှိခြင်း | (၁)သားဖွားဆောင် အခန်းကျဉ်းမြောင် းခြင်း<br>(၂) ကျန်းမာရေး ဝန်ထမ်းများနေ ထိုင်ရန် နေရာ မပေးနိုင်ခြင်း | (၁) တိုးချဲ့ရန်မြေနေရာ ရှိခြင်း<br>(၂) ကျေးရွာမှ လုပ်အား ပါဝင်နိုင်ခြင်း | (၁) ဆေးပေးခန်းကျဉ်း မြောင်းခြင်းနှင့်ဝန်ထမ်းများ ကို အိမ်ယာမပေးနိုင်ခြင်း | (၁) ကျန်းမာရေး အဆောက်အဦ ဆောက်လုပ်ရန် စီစဉ် ဆောင်ရွက်ခြင်း | ကျန်းမာရေးဌာန အဆောက်အဦ ဆောက်လုပ်ခြင်း |

နောက်ဆက်တွဲ(၂)

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

### (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၁၂ | ၂၄ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၅၀ | ၃၉ | ၈၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၆၄ | ၅၀ | ၁၁၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၆၉ | ၁၂၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၁၉ | ၇၈၃ | ၁၅၀၂ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၆၄ | ၁၀၃ | ၁၆၇ |
| စုစုပေါင်း | | ၉၆၈ | ၁၀၅၆ | ၂၀၂၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၆၉ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်**

(၁) ဇောင်ချမ်းတောင်ကျေးရွာတွင် အိမ်ထောင်စု(၄၆၉) စု၊လူဦးရေမှာ ကျား(၉၆၈)ဦး၊ မ (၁၀၅၆)ဦး စုစုပေါင်း (၂၀၂၄)ဦး ရှိပါသည်။

(၂) (၁) အိမ်ထောင်စုလျှင် ပျှမ်းမျှလူဦးရေမှာ (၄.၃) ဖြစ်သဖြင့် မြန်မာနိုင်ငံရှိ တစ်အိမ်ထောင် ပျှမ်းမျှ လူဦးရေအောက် နည်းသည်ကို တွေ့ရပါသည်။

(၃) ကျောင်းနေအရွယ်ကလေး(၁၁၄)ဦးရှိပြီး ယောကျ်ားလေးဦးရေသည် မိန်းကလေးဦးရေထက် များသည်။

(၅) အလုပ်လုပ်နိုင်သည့် ဦးရေသည် ကျေးရွာလူဦးရေ၏ (၇၄%) ရှိပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၉.၆ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ယာမြေ | ၂၉၀ | သင့် | အနည်းအကျဉ်း | မိုးရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၃.၅ | သင့် | နည်း | မိုးရေ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ကိုင်း/ကျွန်းမြေ | ၁၃.၃၇ | သင့် | အနည်းအကျဉ်း | မိုးရေ |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၄၁၆.၄၇ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**မှတ်ချက်။** ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။ စိုက်ပျိုးရေ လုံလောက်စွာမရရှိပါ။

**(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | များ | လွယ် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | ခက် |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် - ၃၇ 'C | ပျှမ်းမျှ မိုးရေချိန် - ၉.၁၄ လက်မ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

(၁) ဖောင်ချမ်းတောင်ကျေးရွာသည် မြစ်ဘေးတွင်တည်ရှိပြီး သဲသောင်ပြင်များရှိသောကြောင့် သဲ အသုံးပြုရာ၌ အဆင်ပြေပါသည်။ အခြားသဘာဝအရင်းအမြစ်များ မရှိပါ။

(၂) တိရိစ္ဆာန်မျိုးစိတ်များ အနေဖြင့် ငါးမျိုးစိတ်များရရှိနိုင်ပြီး ရေချိုငါးများဖြစ်သည်။

(၃) အပင်မျိုးစိတ်များမှာ သနပ်ခါး၊ ဆင်တုံးမနွယ် နှင့် အခြားဆေးဖက်ဝင် သစ်ပင်များ အနည်းအကျဉ်း တွေ့ရသဖြင့် အသုံးပြုရပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကျေးရွာအပေါ် စီမံအုပ်ချုပ်ခြင်း၊ ဖွံ့ဖြိုးရေး ကိစ္စများဆောင်ရွက်ခြင်းတို့တွင်တက်ကြွစွာပါဝင်ဆောင်ရွက်ပါသည်။ |
| ၂ | ရပ်မိရပ်ဖ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးနှင့် သာရေးနာရေးကိစ္စရပ်များတွင်တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပါသည်။ |
| ၃ | လူငယ် ပရဟိတအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | သာရေး၊ နာရေး ၊ လူမှုရေးနှင့် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်း ပါဝင် ဆောင်ရွက် ပါသည်။ |
| ၄ | အမျိုးသမီး ရေးရာ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | အမျိုးသမီးများ ကျန်းမာရေး လုံခြုံရေး နှင့် ကာကွယ်ရေး တို့အား ဆောင်ရွက်ပါသည်။ |
| ၅ | ဝတ်အသင်း အဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အခါကြီး၊ရက်ကြီးများတွင်ဝတ်ရွတ်ခြင်းများ ဆောင်ရွက်ပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) နိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၆ | ဝေယျာဝစ္စအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဘာသာရေးနှင့် ပတ်သက်သော လုပ်ငန်းများ၊ သာရေး/နာရေး လူမှုဖွံ့ဖြိုးရေး တို့၌လည်း ကူညီ လုပ်ကိုင် ပါသည်။ |
| ၇ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့် ကာကွယ်ရေး☑ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်ပါဝင်ကူညီဆောင်ရွက်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**

ဇောင်ချမ်းတောင်ကျေးရွာတွင် ကျေးရွာတွင်းအဖွဲ့အစည်းပေါင်း(၇)ဖွဲ့ရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအဖွဲ့အစည်းများကို ကျေးရွာလူထုသဘောဆန္ဒအရ ဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်းများသည် ၎င်းတို့သက်ဆိုင်သည့်လုပ်ငန်းများတွင် တက်ကြွစည်းလုံးစွာ ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀ ကေ နှင့်အထက် | (၉-၅) ကေကြား | ၅ ကေအောက် | မြေယာမဲ့ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အိမ်အခြေအနေ | တိုက်ခံ၊ ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုး | ပျဉ်ထောင်ပျဉ်ခင်း ၊ သွပ်မိုး | ထရံကာ ၊ ပျဉ်ခင်း၊ သွပ်မိုး | ထရံကာ၊ ကြမ်းခင်း၊ သက်ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ဆီစက်၊ ထွန်စက် ၊ နွားလှည်း | နွားလှည်း၊ ထွန်၊ ထယ် | နွား၊ ထွန်၊ ထယ် | တံစဉ်၊ တူးရွင်း၊ ပေါက်တူး၊ ခါး၊ ဂေါ် |
| အဓိကစီးပွားရေး လုပ်ငန်း | မော်တော်မောင်းသူ ၊ စက်ဆရာ | မော်တော်သား | မော်တော်သား | လက်လုပ်လက်စား |
| **အိမ်ထောင်စု** | ၉၆ | ၁၅၇ | ၁၇၇ | ၃၉ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းတွင် မြေယာပိုင်ဆိုင်မှုနှင့် အဆင်ပြေသော အိမ်ထောင်စုမှာ အနည်းငယ်သာတွေ့ရပြီး မော်တော်လုပ်ငန်းကိုသာအဓိကစီးပွါးရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပြီး အဆင်ပြေကြောင်းတွေ့ရ ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု (၄၆၉) စုတွင် အဆင်ပြေသော အိမ်ထောင်စု (၉၆)စု ၊အလယ်အလပ် ရှိသောအိမ်ထောင်စု (၁၅၇)စု၊ မပြေလည်သောအိမ်ထောင်စု (၁၇၇)စု၊ အလွန်မပြေလည်သောအိမ်ထောင်စု (၃၉) စု တို့ ရှိပါသည်။

(၃) စုစုပေါင်း အိမ်ထောင်စု၏ (၈.၃ %)သည်အလွန်မပြေလည်သောအိမ်ထောင်စုများဖြစ်ကြသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၈၅ | ၈၂ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၈ | ၁.၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၄၀ | ၈.၅ % | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား (၅ဟတ်တာထိ) | ၃၆ | ၇.၈ % | အလယ်အလတ်စားတောင်သူ |

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | - | - | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၆၉ | ၁၀၀ % | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)**

(၁) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၁၈%သာဖြစ်၍ မြေယာပိုင်သည့် အိမ်ထောင်စုများသည် အိမ်ထောင်စုပေါင်း၏ အနည်းအကျဉ်းသာဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ၊ လုပ်ကိုင်သူများ အလွန်နည်းသည်။

(၂) ဝန်ထမ်းများနှင့် အခြားသို့ထွက်၍ အလုပ်လုပ်သူများ ၊ ကျောင်းသား/သူများ နှင့် မော်တော်လိုက်သူ များပြားပါသည်။

(၃) စိုက်ပျိုးရေးလုပ်ကိုင်သူ နည်းပါးသော်လည်း တစ်ခါတစ်ရံတွင် လုပ်သားငှားရမ်းမှု လွယ်ကူခြင်းမရှိပဲ လုပ်သားရှားပါးမှုများ ကြုံတွေ့ရပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| ကုလားပဲ | ၂၅ | တင်း | ၅ | ၇ | ၆ | နည်း |
| နှမ်း | ၂၅၀ | တင်း | ၈ | ၁၂ | ၁၀ | နည်း |
| စပါး | ၉၈.၈ | တင်း | ၃၀ | ၆၀ | ၄၅ | နည်း |
| ပဲကြီး | ၈၂ | တင်း | ၆ | ၈ | ၇ | နည်း |
| ဝါ | ၁၅၀ | ပိဿာ | ၇၀ | ၁၀၀ | ၈၅ | နည်း |
| ပဲစဉ်းငုံ | ၂၅၀ | တင်း | ၆ | ၈ | ၇ | နည်း |
| ပဲတီစိမ်း | ၈ | တင်း | ၅ | ၆ | ၅.၅ | နည်း |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ပဲ နှင့် နှမ်းကို မိုးဦးတွင် အဓိကထား စိုက်ပျိုးကြပါသည်။

(၂) ဆောင်းပိုင်းတွင် ပဲကြီး၊ ကုလားပဲ ၊ ပဲစဉ်းငုံ၊ နှင့် ပဲတီစိမ်း တို့ကို စိုက်ပျိုးကြပါသည်။

(၃) သီးနှံဈေးနှုန်း ကျဆင်းနေသည့်အတွက် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။

(၄) စိုက်ပျိုးရေအတွက် မိုးရေကိုသာ အားထား၍ စိုက်ပျိုးရခြင်း၊ စိုက်ပျိုးရေး နည်းပညာနှင့် လုပ်ငန်းခွင်သုံးစက်ကရိယာ သုံးစွဲနိုင်မှု လက်လှမ်းမမှီခြင်းတို့ကြောင့် အထွက်နှုန်းလျော့ကျပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆၉ | ၁၉၆ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၅ | ၆၄ |
| သိုး | - | - |
| ဝက် | ၅၈ | ၇၇ |
| ကြက် | ၇၂ | ၃၇၀ |
| ဘဲ | - | - |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုစွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) နွားများကို လယ်ယာလုပ်ငန်းတွင် ခိုင်းစေရန်အတွက်သာ မွေးမြူကြပါသည်။
(၂) ကြက် ၊ ဝက် ၊ တို့ကို မိသားစုအတွင်း စားသုံးနိုင်ရန်သာ တစ်ပိုင်တစ်နိုင် မွေးမြူကြပြီး ရောင်းချရန်အတွက် စီးပွားဖြစ်မွေးမြူသူမရှိပါ။
(၃) ဆိတ်မွေးမြူသူအိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | ၁ | ၃၅ | ၃ | နိမ့်- (ကျောက်ကြီးအနည်းငယ်သာ ထုတ်လုပ်နိုင်ပါသည်။) |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | ၁ | ၇ | ၇ | လတ် (ရေပေးရေးလုပ်ငန်းဖြစ်ပါသည်။) |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂ | ၇၀ | ၂ | နိမ့် (လက်သမား၊ပန်းရံလုပ်ငန်းဖြစ်ပါသည်။) |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၅ | ၅ | လတ် (ဖုန်းပြုပြင်ခြင်း၊ဆိုင်ကယ်၊စက်ဘီး ပြုပြင်ခြင်းလုပ်ငန်းများ ဖြစ်ပါသည်။) |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | ၅ | ၅ | လတ် (စက်ချုပ်လုပ်ငန်းနှင့် ဆံပင်ညှပ်လုပ်ငန်းများဖြစ်ပါသည်။) |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | ၆ | ၆ | လတ် (အိမ်ဆိုင်များဖြစ်သည်) |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁၀၀ | ၄ | လတ် ( မော်တော်သားများဖြစ်ပါသည်။) |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| | (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၂၁၀ | - | မြင့် (ကျောင်းဆရာ / မ များ ဖြစ်ကြသည်။) |
| ၁၃ | ကျန်းမာရေး | ၂ | ၅ | ၅ | မြင့် (ကျန်းမာရေးမှူးနှင့်သားဖွား ဆရာမများ ဖြစ်ကြ သည်။) |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | ၂ | ၄ | - | နိမ့် ( ပန်းပဲ ၊ သံဂဟေလုပ်ငန်းများအား ပွင့်လင်း ရာသီများတွင် လုပ်ကိုင်သူများ ဖြစ်ကြပါသည်။) |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၉၄ | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျောက်ကြီးထုတ်လုပ်ရေး လုပ်ငန်း(၁) ခုရှိပြီး အနည်းငယ်သာ ထုတ်လုပ်နိုင်ပါသည်။

(၂) ရေပေးဝေရေးလုပ်ငန်းရှိပြီး ရပ်တည်နိုင်မှုအလည်အလတ်တွင်ရှိပါသည်။

(၃) ဆောက်လုပ်ရေး ၊ လက်သမား ၊ ပန်းရံ လုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပြီး ကျေးရွာအတွင်းနှင့် အနီးအနား ရှိ ကျေးရွာများတွင် သွားရောက်လုပ်ကိုင်ရသဖြင့် ရပ်တည်နိုင်မှုနိမ့်ပါသည်။

(၄) ဖုန်းပြင် လုပ်ငန်း၊ဆိုင်ကယ်၊စက်ဘီးပြင် လုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ပြီး ကျေးရွာတွင်း၌သာ ပြုပြင်ရသဖြင့် ရပ်တည်နိုင်မှုအလည်အလတ်တွင်ရှိသည်။

(၅) မော်တော်သားအဖြစ်လုပ်ကိုင်သူအများအပြားရှိသော်လည်း ရပ်တည်နိုင်မှုနိမ့်သည်။

(၆) ကျေးရွာတွင်ပညာရေးဝန်ထမ်းအဖြစ်အသက်မွေးဝမ်းကျောင်းပြုလုပ်သူ(၂၁၀)ဦးရှိပါသည်။ ၎င်းတို့မှာ ပုံမှန်လစာ ရရှိသဖြင့် ရပ်တည်နိုင်မှုမြင့်

(၇) ကျန်းမာရေးဝန်ထမ်းအဖြစ် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသူ (၅)ဦးရှိပြီး ၎င်းတို့မှာ ရပ်တည်နိုင်မှု မြင့်သည်။

(၈) အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ပန်းပဲလုပ်ငန်း နှင့် သံဂဟေဆက် လုပ်ကိုင်

သူ (၄) ဦးရှိပြီး ၎င်းတို့မှာ ပုံမှန်လုပ်ငန်းမရှိသဖြင့် ရပ်တည်နိုင်မှု နိမ့်သည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | ဆင်ပေါင်ဝဲမြို့ | အောင်လံမြို့ |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑<br>၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☑ ၃၀မှ ၅၀ မိုင်<br>☐၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ်<br>☐ကား/ထော်လာဂျီ ☐ ရထား<br>☐ သုံးဘီးဆိုင်ကယ် ☐ လှေ<br>☐ စက်လှေ ☑ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☑ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ဖောင်ချမ်းတောင်ကျေးရွာမှ အနီးဆုံးဈေးမှာ ဆင်ပေါင်ဝဲမြို့ ဖြစ်ပြီး မိုးတွင်းကာလ၌ သယ်ယူပို့ဆောင်ရေးခက်ခဲပါသည်။

(၂) အကြီးစားဈေးကွက်မှာ အောင်လံမြို့ဖြစ်ပြီး စက်လှေကိုအသုံးပြု၍ သွားလာရပါသည်။

(၃) သရက်မြို့သို့မြန်မာ့မီးရထားဖြင့် သွားရောက်နိုင်သော်လည်း ကုန်ပစ္စည်း ရောင်းဝယ် မှုတွင် မရှိသလောက်ရှားပါးပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☑၂ ☐၃ ☐၄<br>☐၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁ ☑၂ ☐၃ ☐၄<br>☐၅ ☐ | ကောင်း☐ သင့်☑ ညံ့☐ | ပွင့်လင်း ရာသီ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐ |

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့☑ | ပွင့်လင်း ရာသီ☑<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☑<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်**

(၁) ရွာတွင်းလမ်း ၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းတို့သည် မြေသားလမ်းများသာဖြစ်၍ အရည်အသွေးသင့်တင့် ပါသည်။ ပွင့်လင်းရာသီ၌သာ သွားလာ၍ ကောင်းပါသည်။ မိုးတွင်းရာသီ၌ မြေသားများဖြစ်သဖြင့် သွားလာရာတွင် အခက်အခဲများရှိပါသည်။ ရွှံ့ဗွက် များလည်း ရှိပါသည်။

(၂) ကျေးရွာချင်းဆက်လမ်းများမှာလည်း မြေစေး၊ မြေသားများဖြစ်၍ သွားလာရေးတွင် အခက်အခဲများရှိပါသည်။

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☑<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ ☑တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) သယ်ယူပို့ဆောင်ရေးတွင် မြစ်ကြောင်းတစ်မျိုးတည်းကိုသာ (၁)နှစ်ပတ်လုံး အဓိက

အသုံးပြုပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၉ | ၁၀ | ၁၄၀ | ၁၅၄ | ၁ | ၂ | ၄ | - | ၅၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**

(၁) စက်လှေ (၃)စီးသာ အလှည့်ကျ လိုင်းစနစ်ဖြင့် သယ်ယူပို့ဆောင်ကြပါသည်။

(၂) ဆင်ပေါင်ဝဲမြို့သို့ ပြေးဆွဲသော လှေငယ်များမှာ ယခင်က များပြားစွာရှိခဲ့ပါသော်လည်း ယခုအခါ စက်ကြီးတပ် စက်လှေများသာ ပြေးဆွဲခွင့်ရကြသောကြောင့် အခြားလှေငယ် များမှာ အသုံးမပြုတော့ပါ။

(၃) ကုန်တင်ယာဉ်များမှာ ရွာတွင်း၌သာ အသုံးများပြီး ၊ ကားရှိသူများမှာ မြစ်တစ်ဖက်ကမ်း ဆင်ပေါင်ဝဲမြို့တွင် ကားများထား၍ လိုင်းပြေးဆွဲပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၃၈၆ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၂၇ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၅၆ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။**

(၁) လျှပ်စစ်ဓါတ်အားမရရှိသေးပ။ ဆိုလာမီးများကို ဝယ်ယူသုံးစွဲကြသော်လည်း အိမ်တွင်း

မီးလင်းရုံသာ ရရှိသူများ ပါသည်။ TV ကြည့်ရန်မလုံလောက်သော အိမ်ထောင်စု များလည်း ရှိပါသည်။

(၂) ဖယောင်းတိုင်မီး ကို သုံးပြုသည့် အိမ်ထောင်စုများလည်း ရှိပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ**

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၉၉၆ | ၁၀၉ | ၁၈၇ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။**

(၁) ဖုန်းသုံးစွဲသူများပြီး သတင်းအချက်အလက်များကို ဖုန်းများမှ တစ်ဆင့် ရယူကြသည်။

(၂) ရေဒီယို သုံးစွဲသူများမှာ အသက်ကြီးပိုင်းများ ဖြစ်ကြပြီး မိုးလေဝသသတင်းနှင့် အခြား အစီအစဉ်များကို နားဆင်ကြပါသည်။

(၃) TV ကြည့်သူများပြားပြီး သုံးစွဲနိုင်မှု နည်းပါးသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၇၇ | ၆၁ | ၁၃၈ |
| အလယ်တန်း | ၃၀ | ၄၉ | ၇၉ |
| အထက်တန်း | ၂၈ | ၄၆ | ၇၄ |
| တက္ကသိုလ်/ကောလိပ် | ၈ | ၄၀ | ၄၈ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်** သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်**

(၁) မူလတန်းတက်ရောက်သည့် ကျောင်းသား/သူ ဦးရေသည် (၁၃၈)ဦး ရှိပါသည်။

(၂) အလယ်တန်းတွင်တက်ရောက်သည့်ဦးရေမှာ (၇၉)ဦးရှိပြီး အထက်တန်းတက်ရောက်သည့် ဦးရေမှာ(၇၄)ဦး ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းတွင် အနည်းငယ် ကွာဟမှုသာရှိပြီး တက္ကသိုလ် တက်ရောင်သည့်ဦးရေမှာ အနည်းဆုံးဖြစ်သည်။

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

<table>
<tr><th>အကြောင်းအရာ</th><th colspan="3">(၁)</th><th colspan="3">(၂)</th><th colspan="3">(၃)</th></tr>
<tr><td>က။ ကျောင်းအဆင့်</td><td colspan="3">မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☑<br>အထက်တန်း:☐</td><td colspan="3">မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐</td><td colspan="3">မူလတန်း:☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း:☐<br>အထက်တန်း:(ခွဲ)☐<br>အထက်တန်း:☐</td></tr>
<tr><td>ခ။ရွာမှအကွာအဝေး(မိုင်)</td><td colspan="3">၀ မှ ၁ မိုင် ☑၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td><td colspan="3">၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐</td></tr>
<tr><td>ဂ။သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု</td><td colspan="3">ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td><td colspan="3">ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐</td></tr>
<tr><td>ဃ။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*</td><td colspan="3">၁၃၅၀၀</td><td colspan="3"></td><td colspan="3"></td></tr>
<tr><td>င။အမိုး၊နံရံ၊အခင်း အရည်အသွေး</td><td colspan="3">ကောင်း☐သင့်☑ညံ့☐</td><td colspan="3">ကောင်း☑သင့်☐ညံ့☐</td><td colspan="3">ကောင်း☐သင့်☐ညံ့☐</td></tr>
<tr><td>စ။ကျောင်းသုံးပရိဘောဂလုံလောက်မှု</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑</td><td colspan="3">လုံလောက်မှုရှိသည်☑<br>မလုံလောက်ပါ ☐</td><td colspan="3">လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐</td></tr>
<tr><td>ဆ။ ကျောင်းအိမ်သာ အခြေအနေ</td><td colspan="3">ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☑ သင့် ☐<br>ညံ့ ☐ မရှိ ☐</td><td colspan="3">ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐</td></tr>
<tr><td>ဇ။ကျောင်းအာဟာရတိုက်ကျွေးမှု</td><td colspan="3">တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ☑</td><td colspan="3">တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐</td></tr>
<tr><td>ဈ။ကျောင်းဆရာ/မ ဦးရေ</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td><td>ကျား</td><td>မ</td><td>ပေါင်း</td></tr>
<tr><td>အစိုးရခန့်</td><td>၅</td><td>၁၈</td><td>၂၃</td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>ကျေးရွာခန့်</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
</table>

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်**

(၁) အာဟာရတိုက်ကျွေးမှုရှိသော်လည်း တစ်နှစ် လျှင် (၂)ကြိမ် ၊ (၃) ကြိမ် ခန့်သာ တိုက်ကျွေးသည်ကိုတွေ့ရပါသည်။

(၂) ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုရှိသော ဆရာလိုအပ်ကြောင်း တွေ့ရပါသည်။

(၃) အထက်တန်း(ခွဲ)ဖြစ်၍ တက္ကသိုလ်ဖြေဆိုရာတွင် ဆင်ပေါင်ဝဲမြို့သို့ သွားရောက်ဖြေဆိုရပါ သည်။ ရောဝတီမြစ်ကို ဖြတ်ကူးရသဖြင့် အခက်အခဲရှိပါသည်။

**(၇) ကျန်းမာရေး**

**(၇.၁) အဖြစ်များသောရောဂါများ**

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) မြစ်ရေတက်သည့် အချိန်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်တတ်ပါသည်။

(၂) မိုးတွင်းကာလများ၌ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများဖြစ်တတ်ပါသည်။

(၃) အာဟာရချို့တဲ့မှုရောဂါများ မရှိသလောက် နည်းပါးပြီး ၊ ချို့တဲ့သူ အနည်းအကျဉ်းသာ ရှိပါသည်။

(၄) အခြားကူးစက်နိုင်သောရောဂါများမှာ ရာသီအလိုက် တုပ်ကွေးရောဂါ အနည်းငယ်သာ ရှိပါသည်။

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✓ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | | ✓ |
| ၆ | အခြား စုပေါင်းကာကွယ်ဆေးထိုးနှံမှု | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲရှိသဖြင့် ကာကွယ်ဆေးထိုးနှံမှု ပုံမှန်ရှိပါသည်။

(၂) အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုမှာ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးထိုးနှံမှုသာ ရှိပါသည်။ အာဟာရပညာပေး အစီအစဉ် မရှိပါ။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ဝ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☑ |
| တိုက်နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁ဝ မိုင် ☐<br>၁ဝ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐ | ရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | မရှိ ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ဖောင်ချမ်းတောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိသော်လည်း အခန်း ၊ ကုတင် လုံလောက်မှုမရှိပါ။

(၂) မြို့နယ်ဆေးရုံသည် ကျေးရွာမှ (၂) မိုင်ခန့်အကွာ ဆင်ပေါင်ဝဲမြို့တွင်တည်ရှိပြီး ဧရာဝတီမြစ်ကို ဖြတ်ကူး သွားလာရပါသည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄.၁) သောက်သုံးရေရရှိမှု**

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| အဝီစိတွင်း/ စက်တပ် | ၁ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ ဆောင်း ၊ နွေ |
| အဝီစိတွင်း/ တုံကင် | ၁ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ ဆောင်း ၊ နွေ |
| မိုးရေ သိုလှောင်ကန် | ၄၆၉ | ကောင်း☐ သင့်☑ ညံ့☐ | မိုး |
| မြစ်/ချောင်းရေ | ၄၆၉ | ကောင်း☐ သင့်☑ ညံ့☐ | မိုး ၊ ဆောင်း ၊ နွေ |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်**

(၁) မိုးရေသိုလှောင်ကန်များသည် အိမ်တိုင်းတွင် ရှိသော်လည်း မိုးတွင်း၌သာ လုံလောက်မှု ရှိပါသည်။

(၂) ဖောင်ချမ်းတောင်ကျေးရွာသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိ သောကြောင့် မြစ်ရေ၊ ချောင်းရေကို သာ အဓိကအသုံးပြုပြီး မိုး ၊ ဆောင်း ၊ နွေ လိုသလောက် အသုံးပြုနိုင်ပါသည်။

**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၃၉၄ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှုန** | |
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၇၅ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးလက်ကျန်းမာရေးဌာနနှင့် အိမ်ထောင်စုစာရင်း ကောက်ယူမှု အရ ရေလောင်း/ ယင်လုံ အိမ်သာ သုံးစွဲသူ အိမ်ထောင်စု (၃၉၄)စု ရှိပြီး ၊ အိမ်သာမရှိသူ အိမ်ထောင်စု (၇၅) စု ရှိပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် ခက်ခဲပါသည်။ |
| ၃ | ရေကြီးခြင်း | မိုးတွင်းအခါ မြစ်ရေကြီးချိန်များတွင်စိုက်ပျိုးမြေကေများ ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ရပါသည်။ |
| ၄ | မိုးခေါင်ခြင်း | မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးသီးနှံ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
| --- | --- | --- |
| | | ပျက်စီးမှုများအားကြုံတွေ့ရပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | ပျက်စီးမှုမရှိပါ။ |
| ၆ | မုန်တိုင်း | ပျက်စီးမှုမရှိပါ။ |
| ၇ | လျှော် | ပျက်စီးမှုမရှိပါ။ |
| ၈ | မီးဘေး | နွေရာသီတွင် သတိပြုသုံးစွဲရပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | ပျက်စီးမှုမရှိပါ ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ပျက်စီးမှုမရှိပါ ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လောင်စာ ထင်းအဖြစ်သုံးစွဲမှု များသောကြောင့် သစ်ပင်ကြီးများ ရှားပါးလာပါသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | အနည်းငယ်သာရှိပါသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | အနည်းငယ်သာရှိပါသည်။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းငယ်သာရှိပါသည်။မိုးဦးကျ တွင် အဖြစ်များပါသည်။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) အအေးလွန်ကဲခြင်းမရှိပါ။ ကုန်းတွင်းပိုင်းဖြစ်၍ တစ်ခါတစ်ရံ၌သာ မုန်တိုင်းကျရောက်တတ်ပါသည်။

(၂) မြစ်ကမ်းဘေး ၊ ချောင်းဘေးကျေးရွာဖြစ်သောကြောင့် မိုးတွင်းကာလများ၌ ရေကြီးရေလျှံ မှုများ ဖြစ်တတ်ပါသည်။

(၃) နွေရာသီတွင် တောမီးလောင်ခြင်းအန္တရာယ်ရှိပါသည်။

(၄) ထင်းနှင့် မီးသွေးသုံးစွဲသူများသဖြင့် သစ်တောများပြုန်းတီးလာပါသည်။

(၅) တီဘီနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါ အနည်းငယ်သာတွေ့ရပါသည်။

(၆) နွားများတွင် ခွာနာ၊ လျှာနာ နှင့် ကြက်များတွင် ကြက်နာရောဂါများဖြစ်တတ်ပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီလွှာအခြေအနေ | မြင့် | စိုက်ပျိုးရေးနည်းပညာအားနည်းသဖြင့်မြေဆီလွှာမကောင်းပါ။ |
| အပင်မျိုးစိတ်များ | မြင့် | ထင်းသုံးစွဲမှုများ သောကြောင့် အပင်မျိုးစိတ်များရှားပါးလာပါသည်။ |
| ရေအရင်းအမြစ် | လတ် | စိုက်ပျိုးရေအဖြစ်မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။ |
| ငါးမျိုးကွဲများ | မြင့် | ဖမ်းယူစားသောက်မှုများရှိခြင်း၊ငါးမျိုးစိတ်များ စိုက်ထည့်မှုမရှိခြင်း တို့ကြောင့်ဖြစ်ပါသည်။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ထိန်းသိမ်းထားနိုင်မှု မရှိပါ။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) အပင်မျိုးစိတ်များမှာ ထုတ်ယူသုံးစွဲမှုများသဖြင့် ဝါး၊ သနပ်ခါး၊ သန်း၊ ဒဟတ် ၊ ရှား နှင့် အခြားဆေးဖက်ဝင် အပင်များရှားပါးလာပါသည်။

(၂) ထင်းသုံးစွဲမှုများသောကြောင့် အပင်မျိုးစိတ်များ ရှားပါးလာပြီး သစ်တောများအား အမှီပြု နေထိုင်သည့် ငှက်မျိုးစိတ်များလည်း ရှားပါးလာပါသည်။

(၁၀ ) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☑ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ☑ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်**

(၁) ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ တက်ကြွစွာပါဝင်မှု ရှိသော်လည်း ခေါင်းဆောင်မှု၌ပါဝင်ခြင်းနည်းပါးပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ

တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု များရှိပါသည်။